အမျိုးသမီးများအဖွဲ့ ချုပ် (မြန်မာနိုင်ငံ)

**Women's League of Burma**

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ နိုင်ငံတကာအမျိုးသမီးများနေ့ အထိမ်းအမှတ် ထုတ်ပြန်ချက်

ရက်စွဲ။ ။ ၂၀၁၇ခုနှစ်၊ မတ်လ (၈)ရက်နေ့

၁၉၁၁ ခုနှစ်မှစတင်၍ မတ်လ(၈)ရက်နေ့ကို နိုင်ငံတကာအမျိုးသမီးများနေ့အဖြစ်သတ်မှတ်လာခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၀၆)ကြိမ်မြောက် သို့ ရောက်ရှိလာပြီးဖြစ်သည်။အမေရိကန်နိုင်ငံ၊ နယူးယောက်အထည်စက်ရုံရှိ အလုပ်သမားများ လူသားမဆန်စွာ အချိန်ပိုလုပ်ရခြင်း၊ လုပ်အားခအလွန်နည်းပါးခြင်း၊ လုပ်ငန်းခွင်မလုံခြုံခြင်းစသည်တို့ကိုအကြောင်းပြု၍ ဆန္ဒပြမှုများပေါ်ပေါက်ခဲ့သည့် တပြိုင်နက်မှာပင် ၁၈၅၇ ခုနှစ်မှစတင်၍ အမျိုးသမီးလှုပ်ရှားမှုများပါစတင်လာခဲ့ရာမှ နိုင်ငံတကာအမျိုးသမီးများနေ့ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ကမ္ဘာတဝှမ်းရှိ အမျိုးသမီးများသည် ဤနေ့ကျရောက်တိုင်း အစဉ်အမှတ်ရလျှက် ဂုဏ်ပြုချီးမြှင့်နေရမည့် နေ့ထူးနေ့မြတ် အခါသမယလည်းဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် ဤနေ့တွင် အမျိုးသမီး အခွင့်အရေးကာကွယ်မြှင့်တင်နိုင်ရေးကို ရှေးရှုလျှက် နိုင်ငံတကာအမျိုးသမီးများနေ့ကို နည်းမျိုးစုံဖြင့် ဆင်နွဲလာခဲ့ကြ သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ရှိလာပြီးဖြစ်သည်။ သို့သော် ကမ္ဘာ့နိုင်ငံအများအပြားတွင် ယခုချိန်ထိ အမျိုးသမီးများ၏ ဘဝလုံခြုံမှုအပြည့်အဝ မရရှိနိုင်သည့်အခြေအနေမှာ ထပ်တူထပ်မျှပင်ဖြစ်သည်ဟု ဆိုနိုင်သည်။ ကမ္ဘာ့လူမှုပတ်ဝန်းကျင်ရှိ အမျိုးသမီးများသည် အမျိုးသမီးဖြစ်မှုကိုအခြေခံ၍ ခွဲခြားထားသော ယဉ်ကျေးမှုထုံးထမ်းစဉ်လာ အစွဲအရဖြစ်စေ လည်းကောင်း၊ ခွဲခြားသတ်မှတ်ထားသော ဥပဒေအရဖြစ်စေလည်းကောင်း၊ ခွဲခြားဖိနှိပ်ခံရမှုမှာ အခြေအနေချင်းကွာခြား နေမည်ဖြစ်သော်လည်း အနှစ်သာရအားဖြင့် တူညီသောခွဲခြားဖိနှိပ်ခံရမှုများ တည်ရှိနေဆဲပင်ဖြစ်သည်။

အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်တည်ရှိနေမှုထဲတွင် မိမိတို့ မြန်မာနိုင်ငံတွင်းရှိ အမျိုးသမီး များ ဘဝလုံခြုံမှုမှာ ပို၍ပင်ဆိုးဝါးနေဆဲဖြစ်သည်။ နယ်စပ်ဒေသများတွင် ဖြစ်ပွါးနေသော စစ်ပွဲ၏ ဆိုးကျိုးကြောင့် အကြမ်းဖက်မှုများ နှင့် ဒုက္ခမျိုးစုံကြုံတွေ့နေကြရခြင်း၊ အလုပ်လက်မဲ့ဖြစ်ခြင်း၏ ဓါးစာခံဖြစ်ရခြင်း၊ လူမှုရေးဘဝညံ့ဖျင်းမှု၏ ဓါးစာခံဖြစ်ရခြင်းစသည့် ဘေးဒုက္ခများထဲတွင် တိမ်မြုပ်နေကြဆဲဖြစ်သည်။ ယင်းအထဲတွင် အထူးသဖြင့် သက်ငယ်မုဒိမ်းမှု များ နေရာအနှံ့ဖြစ်ပေါ်နေခြင်းနှင့် လင်ယောကျ်ား စွန့်ပစ်ခံအမျိုးသမီးများ များပြားလာခြင်းမှာ အမျိုးသမီးများအတွက် လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်ဆိုးကြီးပင်ဖြစ်သည်ဟု မိမိတို့မှ သုံးသပ်သည်။

မြန်မာနိုင်ငံတွင် အစိုးရအပါအဝင် ပါတီ၊ အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးအခွင့်အရေး ကာကွယ်မြှင့်တင်နိုင်ရေးကို ရှေးရှုပါက ဖေါ်ပြပါသက်ဆိုင်သူများအနေဖြင့် ၄င်းတို့ မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်တရပ်အဖြစ် အသိအမှတ်ပြုကာ ယနေ့ ကျရောက်သော နိုင်ငံတကာအမျိုးသမီးများနေ့တွင် အထိမ်းအမှတ်လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆင်နွဲသင့် ပေသည်။ နိုင်ငံတနိုင်ငံ၏ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ ဖွံ့ဖြိုးတိုးတက်မှု မည်၍မည်မျှဖြစ်တည်နေသည်ကို ယင်းနိုင်ငံရှိ အမျိုးသမီး များ၏ ဘဝအခြေအနေ မည်သို့မည်ပုံဖြစ်ပေါ်နေခြင်းနှင့် တိုင်းတာနိုင်သည်။ ထိုအချက်မှာ အမျိုးသမီးများသည် လူမှုဘဝ နှင့်သက်ဆိုင်သော အကြောင်းအရာများအားလုံး၏ ဓါးစာခံများဖြစ်နေ၍ပင်ဖြစ်သည်။

GPO Box 413, Chiang Mai 50000, Thailand Tel: 66 53 217 006; Fax: 66 53 226 578; E-mail: secretariat@womenofburma.org

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်း၍ ငြိမ်းချမ်းရေးဦးတည်နေသည့် အသွင်ကူးပြောင်းရေးကာလသို့ ရောက်ရှိလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုရှိနေပြီဖြစ်သည်။ သို့သော်လက်ရှိအချိန်ထိ လုံးဝပြီးပြည့်စုံသော ပြည်တွင်းစစ်ချုပ်ငြိမ်းရေးကို မလုပ်ဆောင်နိုင်သေးခြင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်လမ်းကြောင်းများ မချောမွေ့နိုင်သေးခြင်းကြောင့် နယ်ပယ်အသီးသီးရှိ အမျိုးသမီးများ၏ အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လုပ်ဆောင်ချက်များ နှောင့်နှေးကြံ့ကြာနေမည်ကို အထူးပင်စိုးရိမ်မိသည်။

အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ကျူးလွန်ခဲ့သူများ၊ ကျူးလွန်နေသူများကို ထိရောက်သည့် အပြစ်ပေးအရေးယူမှုများ မရှိသလို အမှန်တရားနှင့် တရားမျှတမှုကို ယနေ့အချိန်ထိ ယူဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် အရေးယူခြင်းမှ ကင်းလွတ်ခွင့် အစဉ်အလာသည် ဆက်လက်အသက်ဝင်နေဆဲဖြစ်သည်။

တဖက်တွင် ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ရောက်ရှိလာပြီးဖြစ်သော်လည်း ဖွံ့ဖြိုးတိုးတက်မှု အလွန်နိမ့်ကျနေသေးခြင်းကြောင့် အမျိုးသမီးများဘဝသည် စားဝတ်နေရေး မဖူလုံခြင်း၏ ဓါးစာခံများဖြစ်နေကြရသည်။ မြန်မာနိုင်ငံအဟုမ်း အမျိုးသမီးများသည် အလုပ်လက်မဲ့ဖြစ်ရခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုများကို ခံစားနေရခြင်းမှာ ယခင်ကထက်ပင် ပိုမိုဆိုးရွားလာနေသည်ဟုသုံးသပ်သည်။ ယင်းထက်ဆိုးရွားသည်မှာ - အင်တာနက်စာမျက်နှာနှင့် မိမိတို့ လုပ်ငန်းအကောင်အထည်ဖော်သော နေရာများတွင် မကြာခဏဆိုသလို သက်ငယ်လူကုန်ကူးမှုများကို ကြားသိနေရခြင်းနှင့် သက်ငယ်မုဒိမ်းမှုများ ပိုမိုဖြစ်ပေါ်နေခြင်းပင်ဖြစ်သည်။ သက်ငယ်မုဒိမ်းမှုများ ပိုမိုဖြစ်ပေါ်နေခြင်းကို ရခိုင်ဒေသအဖြစ်အပျက်များက သက်သေပြနေသလို အခြားမြန်မာပြည် အနှံ့အပြားတွင်လည်း ဖြစ်ပေါ်နေလျှက်ရှိသည်။

သို့သော် မြန်မာနိုင်ငံတွင် လက်ရှိအချိန်ထိ အစိုးရအနေဖြင့်လည်းကောင်း၊ လွှတ်တော်အနေဖြင့်လည်းကောင်း၊ ပါတီအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း အမျိုးသမီးအခွင့်အရေးအတွက် ကြိုတင်တားဆီးကာကွယ်ခြင်း၊ အခွင့်အရေးတိုးမြှင့်ခြင်းများကို တာဝန်ယူလုပ်ဆောင်ရန် မဆိုထားဘိ လတ်တလောဖြစ်ပျက်နေသော မုဒိမ်းပြုကျင့်ခံရမှုအပါအဝင် အခြားသော နည်းမျိုးစုံဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ခွဲခြားဖိနှိပ်မှုများကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်ကိုပင် မျက်ကွယ်ပြုနေသေးသည်ကို တွေ့မြင်ရသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ နယ်ပယ်ကဏ္ဍ အသီးသီးတွင် အမျိုးသမီး၏ အဓိကအခန်းကဏ္ဍမှာပါဝင်မှု အလွန်အားနည်းနေသေးခြင်းကြောင့်ဖြစ်သည်ဟု မိမိတို့အဖွဲ့ချုပ်မှ သုံးသပ်သည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ အစိုးရ၊ လွှတ်တော်၊ ပါတီအဖွဲ့အစည်းများ၊ ရပ်ရွာအသိုင်းအဝိုင်းနှင့် မိသားစုနယ်ပယ်ရှိ ပြည်သူတရပ်လုံးသည် တိုင်းပြည်တွင် အမှန်တကယ် ပြီးပြည့်စုံသော ပြည်တွင်းစစ်ဆိတ်သုန်း၍ စစ်မှန်သော ဒီမိုကရေစီ လမ်းကြောင်းဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး၊ လုံခြုံမှုအပြည့်အဝရှိသော နိုင်ငံတော်အဖြစ်သို့ ရှေးရှုဆောင်ရွက်လိုပါက နယ်ပယ်ကဏ္ဍအသီးသီးရှိအဓိကကျသော အခန်းကဏ္ဍများတွင် အမျိုးသမီးများကိုယ်စားပြု ပါဝင်ခွင့်ရှိရန် အလွန်အရေးကြီးကြောင်း သတိမူလျှက်ကျား-မတန်းတူညီမျှရေးအတွက် ထိရောက်စွာ အကောင်အထည် ဖေါ်ဆောင်ရွက်ကြပါရန် အစိုးရအသစ်အဖြစ် တာဝန်ယူလာမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် သက်ဆိုင်သူ တာဝန်ရှိသူများအားလုံးသို့ တိုက်တွန်းနိုးဆော်လိုက်သည်။

ဆက်သွယ်ရန်
စောစံငြိမ်းသူ - +၉၅ ၉၄၂ ၁၇၃၄ ၆၇၆
မယ်းစိုးစိုးနွယ် - ၆၆ ၉၃ ၂ ၇၅ ၅၄၃၁